


# မြန်မာ့အထည်ချုပ်လုပ်ငန်းရှိ အမျိုးသမီးများ၏ ဇာတ်လမ်းအကြောင်းအရာများ

## မဂင်းအိခိုင် ( မဂင်နီ )

President, မေပယ်အထည်ချုပ်စက်ရုံ

အထည်ချုပ်လုပ်ငန်းအတွေ့အကြုံ- ၇ နှစ်
လက်ရှိရာထူး အတွေ့အကြုံ- ၇ နှစ်

မဂင်းအိခိုင်သည် ငယ်စဉ်ကလေးဘဝကပင် ခေါင်းဆောင်မှုနှင့် ရှေ့ဆောင်လမ်းပြမှုတို့ကို များစွာ စိတ်ဝင်စားခဲ့သည်။ သူမ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးပြီးချင်း နှင့်ရန်ကုန်တက္ကသိုလ်တွင် အင်္ဂလိပ်စာအဓိကဖြင့် လေ့လာနေစဉ်တွင် ကလေးငယ်များကို အချိန်ပိုင်း ကျူရှင်သင်ပြခဲ့သည်။ ထို့အပြင် သူမ၏ကျောင်းအားလပ်ရက်များတွင်လည်း မိမိဂါသနာအလျောက် YWCA တွင် ပရဟိတ ဆရာမ တစ်ယောက်အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ သူမ၏ဖခင်က သား သမီးများအားလုံးကို အင်္ဂလိပ်စာ လေ့လာရန် စိတ်အားထက်သန်စွာ အားပေးခဲ့ပြီး အသင်အပြကောင်းသော အင်္ဂလိပ်စာ ကျူရှင်ကို တက်စေခဲ့သည်။ ထိုအကြောင်းနှင့်ပတ်သက်၍ သူမ၏ ဖခင်က " ကျွန်တော့်ရဲ့ သားသမီးတွေကို အင်္ဂလိပ်စာ ကျွမ်းကျင်အောင် ပြုလုပ်ပေးခြင်းက ကျွန်တော်သူတို့ကို ပြုစုပျိုးထောင်ပေးတဲ့ အဓိကနည်းလမ်းတွေထဲက တစ်ခုပါပဲ " ဟု ရှင်းပြခဲ့ပါသည်။

မဂင်းအိခိုင်သည် ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရပြီးသည့်နောက်တွင် ဂျပန်နိုင်ငံ Hitotsubashi တက္ကသိုလ်တွင် ပညာသင်ဆုဖြင့် မဟာသိပ္ပံဘွဲ့ကို ဆက်လက်ရယူနိုင်ခဲ့သည်။ ထို့နောက် မြန်မာပြည်ပြန်ရောက်လာသည့် အချိန်တွင်လည်း UMFCCI မှကျင်းပသော ကုန်ထုတ်လုပ်ရေးပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကို တက်ရောက်ခဲ့သည်။ ထိုသင်တန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူများအတွက် နည်းပညာပိုင်းသင်းတန်းများ ပို့ချရန်အတွက် ဂျပန်အစိုးရမှ ရန်ပုံငွေ ထောက်ပံ့ထားသော Association for Overseas Technical Cooperation and Sustainable Partnerships ( AOTS/HIDA ) အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ကျင်းပပြုလုပ်ခြင်းဖြစ်သည်။

သူမ မြန်မာပြည်ပြန်ရောက်ပြီး မိသားစုစီးပွါးရေးဖြစ်သည့် မေပယ် အထည်ချုပ်စက်ရုံကို စတင် ကူညီဦးစီးလုပ်ကိုင်ရမည့်အခါတွင် သူမ၌ စက်ရုံပိုင်းနှင့်ပတ်သက်၍ အတွေ့အကြုံကောင်းကောင်း မရှိခဲ့သေးပါ။ ထိုအချိန်တွင် ဤAOTS သင်တန်းသည် မဂင်းအိခိုင်အတွက် အလွန်ပင် အထောက်အကူပြုခဲ့ပါသည်။ " ဒီသင်တန်းမှာဆိုရင် စက်ရုံတစ်ရုံအတွက် ကနဦး အစီအစဉ်ရေးဆွဲခြင်းအပါအဝင် ခေါင်းစဉ်အချို့ကို ထပ်လေ့လာခဲ့ရပါတယ်။ တချို့အကြောင်းအရာတွေကဆိုရင် ကျွန်မ ဘွဲ့လွန်အတန်းမှာတောင် မပါပါဘူး။ ဒါကြောင့် ဒါက ကျွန်မအတွက်တော့ အလွန်ကောင်းတဲ့ သင်တန်းတစ်ခုပါပဲ "။ အမှန်တကယ်အားဖြင့်လည်း ထိုသင်တန်းသည် မဂင်းအိခိုင်အတွက် ထူးခြားသည့်အကျိုးရလဒ်တစ်ခု ပေးခဲ့ပါသည်။ မဂင်းအိခိုင်သည် ၂၀၀၈ ခုနှစ်တွင် AOTS ၏ နှစ် ၅၀ပြည့်အထိမ်းအမှတ် ကျင်းပသည့် အောင်မြင်သောကိုယ်ရေးမှတ်တမ်းပြိုင်ပွဲ ( story-writing ) တွင် အသက်အငယ်ဆုံး ဆုရှင် တစ်ယောက်ဖြစ်လာခဲ့ပြီး ဂျပန်ဂန်ကြီးကတော်ကိုယ်တိုင်ပေးအပ်သော ဆုကို လက်ခံရယူခဲ့ပါသည်။

သူမတွင် အများယုံကြည်လက်ခံစရာ အထင်ကြီးလေးစားစရာ အရည်အချင်းများစွာရှိသော်လည်း အထည်ချုပ်စက်ရုံကို စတင် စီမံခန့်ခွဲအုပ်ချုပ်ရသည့်အခါတွင် သူမအတွက် ထင်သလောက် မလွယ်ကူခဲ့ပါ။ သူမ စတင်ဝင်ရောက်လုပ်ကိုင်ချိန်တွင် စက်ရုံမှာ ငွေကြေးပြသနာတချို့နှင့် ရင်ဆိုင်နေရပြီး ကုန်ထုတ်လုပ်မှုပိုင်းတွင်လည်း သိသိသာသာတိုးတက်အောင်လုပ်ဆောင်ရန် လိုအပ်နေခဲ့သည်။ စက်ရုံတွင် အသစ်ဖြစ်သူ မဂင်းအိခိုင်ထက် လုပ်သက်သက်တမ်းနှင့် အတွေ့အကြုံအားဖြင့် များစွာ စီနီယာကျသော အတွေ့အကြုံရင့် အလုပ်သမားများစွာ ရှိပါသည်။ သူမ စတင်အလုပ်ဝင်ချိန်တွင် အမျိုးသမီးရော အမျိုးသား အလုပ်သမားများပါ သူမကို မလိုလားခဲ့ကြပါ။

**" အဲဒီအချိန်တုန်းက သူတို့တွေက ကျွန်မရဲ့ လမ်းညွှန်တာ ဒါမှမဟုတ် အကြံပြုတာတွေကို သိပ်ပြီး လက်မခံချင်ခဲ့ကြဘူး။ ကျွန်မက သူတို့မျက်စိရှေ့မှာတင် အရွယ်ရောက်လာတဲ့ ကလေးတစ်ယောက်ဖြစ်နေတော့ ကျွန်မ လမ်းညွှန်တဲ့နောက် မလိုက်ချင်ကြဘူး "**

သို့သော် အစပထမတွင် မဂင်းအိခိုင်၌ စက်ရုံပိုင်းအတွေ့အကြုံ မရှိခဲ့သော်လည်း သူမအနေဖြင့် တက္ကသိုလ်နှင့် နည်းပညာပို့ချမှု သင်တန်းများမှ စီးပွါးရေး နှင့် ကုန်ထုတ်လုပ်မှုပိုင်းဆိုင်ရာ ဗဟုသုတများစွာ သင်ယူလေ့လာခဲ့ပြီးဖြစ်သဖြင့် ထိုအရာများကို စက်ရုံတွင် လက်တွေ့အသုံးချနိုင်ခဲ့သည်။ သူမက အစကနဦးလများတွင် သူမ၏ မန်နေဂျာများနှင့် အလုပ်သမားများ၏ အားသာချက် အားနည်းချက်များကိုသိရှိရန်နှင့် ပြသနာက ဘာလဲဆိုသည်ကို နားလည်သဘောပေါက်ရန်အတွက် အချိန်အတော်များများပေးကာ နားထောင်ခဲ့သည်။ သူမသည် စက်ရုံ၏လက်ရှိအခြေအနေအား တိုးတက်အောင်လုပ်ဆောင်နိုင်သော နည်းလမ်းသစ်များနှင့် နည်းပညာသစ်များ ရရှိရန်အတွက် နိုင်ငံခြား စက်ရုံများရှိ ကျွမ်းကျင်ပညာရှင်များ၊ နည်းပညာရှင်များထံမှလည်း အကြံဉာဏ်များ ရှာဖွေယူခဲ့သည်။ မဂင်းအိခိုင်၏ မိခင်မှလည်း ယခုကဲ့သို့ ဖြေကြားပေးခဲ့ပါသည် " တဖြည်းဖြည်းနဲ့ အလုပ်သမားတွေက သမီးရဲ့ အယူအဆတွေ အစီအစဉ်တွေကို လက်ခံလာခဲ့တယ်။ သမီးရဲ့ အစီအစဉ်အတိုင်းအကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါ ထုတ်လုပ်မှုအားတွေပိုကောင်းလာပြီး ပိုပြီး အကျိုးရှိတာကိုလည်း အလုပ်သမားတွေက သူတို့ကိုယ်တိုင် မြင်တွေ့သိရှိလာတာပေ့ါ "



စက်ရုံမှာ အတွေးအမြင်အသစ်တွေချပြပြီး လုပ်ဆောင်ရသည်မှာလည်း အမြဲတမ်းတော့ မလွယ်ကူခဲ့ပါ။ မဂင်းအိခိုင်၏ မိဘများကလည်း သူမ၏ အယူအဆအသစ်များ ဆန်းသစ်တီထွင်မှုများကို တခါတရံတွင် သဘောမတူခဲ့ပါ။ သို့သော် သဘောမတူသည့်တိုင် အပြောင်းအလဲများကို အကောင်အထည်ဖော်လုပ်ဆောင်ရန်အတွက် မိဘနှစ်ပါးက သူမကို အပြည့်အဝ ယုံကြည်ပေးခဲ့ပြီး သူမအောင်မြင်အောင်လုပ်ဆောင်နိုင်ရန်အတွက်လည်း အားပေးပံ့ပိုးခဲ့ပါသည်။ စက်ရုံတွင် မဂင်းအိခိုင် အလုပ်မဂင်ခင်က စက်ရုံမန်နေဂျာများ၏ အယူအဆမှာ အလုပ်သမားများအား လိုအပ်သည်ထက် ကျွမ်းကျင်အောင် မြေတောင်မြှောက်မပေးအပ်ပေ။ အဘယ့်ကြောင့်ဆိုသော် ထိုသူတို့ ကျွမ်းကျင်သွားသောအခါ လက်ရှိနေရာမှထွက်ပြီး အခြားနေရာများသို့ ပြောင်းရွှေ့လုပ်ကိုင်ကြလိမ့်မည်ဟု တွက်ဆ သည့်အတွက်ကြောင့်ဖြစ်သည်။ မဂင်းအိခိုင်တွင်မူ ထိုအရာနှင့်မတူသော အတွေးအမြင်ရှိခဲ့သည်။ သူမက စက်ရုံတစ်ရုံ၏အောင်မြင်မှု သော့ချက်သည် အလုပ်သမားများကိုသူတို့၏ စွမ်းဆောင်ရည်အမြင့်ဆုံးရောက်သည်အထိ  သင်ကြားပေးခြင်း၊ ပြုစုပျိုးထောင်ပေးခြင်းဟု အပြည့်အဝယုံကြည်ခဲ့သည်။ အကြောင်းမှာ ပညာပြည့်ဂသော အလုပ်သမားသည်သာ လုပ်ငန်းခွင်တွင် ပိုမိုပျော်ရွှင်ပြီး ပိုမို၍လုပ်အားကိုစိုက်ထုတ်နိုင်မည်ဖြစ်သည်။ လက်ရှိစီးပွါးရေးလုပ်ငန်းအပေါ်တွင်လည်း ပိုမို၍ သစ္စာစောင့်သိမည် ဖြစ်သည်။

မဂင်းအိခိုင်သည် သူမ၏ငယ်စဉ်တည်းက စိတ်ဂင်စားမှုဖြစ်သော အခြားလူများကို ဦးဆောင်လမ်းပြပြုလိုသည့် ဂါသနာကို စက်ရုံတွင် စတင်၍ ကောင်းစွာ အသုံးချခဲ့သည်။ လက်ရှိ အလုပ်သမားများ၏ ကျွမ်းကျင်မှုများ တိုးတက်စေရန်အတွက် စက်ရုံတွင်း စွမ်းဆောင်ရည်ဖွံ့ဖြိုးမှု သင်တန်းများ စတင်ပေးခဲ့သည်။ မဂင်းအိခိုင်သည် သူမ၏ မန်နေဂျာများနှင့် ထူးချွန်ဂန်ထမ်းများကိုလည်း ဂျပန်နိုင်ငံသို့စေလွှတ်ကာ အရည်အသွေးပိုင်းနှင့် ကုန်ထုတ်လုပ်မှုပိုင်း တိုးတက်စေရေးအတွက် နောက်ဆုံးပေါ် နည်းပညာများကို လေ့လာသင်ယူစေခဲ့သည်။ ကျွမ်းကျင်မှုမရှိသေးသော အလုပ်သမားများအတွက်လည်း အထည်ချုပ်စက်ရုံများတွင် စတင်လုပ်ကိုင်ရန်အတွက် လိုအပ်သော အခြေခံစက်ချုပ်ခြင်းအတတ်ပညာကို သင်ကြားပေးသည့် ပုံမှန် စက်ချုပ်သင်တန်း အစီအစဉ်တစ်ခုကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ မဂင်းအိခိုင်သည် သင်တန်းသား သင်တန်းသူများအတွက် မျှမျှတတဖြစ်စေရန်အလို့ငှာ သင်တန်းတက်ရောက်နေစဉ်တစ်လျှောက်လုံး အခြေခံလစာအပြည့်ပေးပါသည်။ သင်တန်းပြီးဆုံးသွားသောအခါတွင်လည်း တက်ရောက်ပြီးစီးကြောင်း သင်တန်းဆင်းလက်မှတ်ထုတ်ပေးပါသည်။ ထိုအထဲမှ ထူးချွန်သော သင်တန်းသူ သင်တန်းသားများကို မေပယ်စက်ရုံတွင် အလုပ်ခန့်ထားပါသည်။ မေပယ်စက်ရုံမှ သင်တန်းဆင်းလက်မှတ် ကိုင်ဆောင်ထားသူများအားလုံးကို အခြားအထည်ချုပ်စက်ရုံများမှလည်း လက်ကမ်းကြိုဆိုကြပါသည်။ စီမံခန့်ခွဲအုပ်ချုပ်မှု အဖွဲ့၏ အကူအညီနှင့်အတူ အလုပ်သမားများ၏ ကျွမ်းကျင်မှု တိုးတက်ရေး၊ အလုပ်သမားများ စက်ရုံတွင် စွဲစွဲမြဲမြဲလုပ်ကိုင်ရေး၊ နည်းပညာစမ်းသစ်တီထွင်မှုများအသုံးပြုခြင်း စသည့်အချက်များအပေါ် မဂင်းအိခိုင်၏ စူးစိုက်လုပ်ကိုင်မှုက အချိန်ကာလတစ်ခုကြာပြီးနောက်တွင် စက်ရုံတွင် ကုန်ထုတ်လုပ်မှုပိုင်း နှစ်ဆ တိုးတက်လာခြင်း နှင့် အကျိုးအမြတ်ပိုင်းတွင်လည်း သိသာသော တိုးတက်မှုများ ကို ရရှိစေခဲ့သည်။

မဂင်းအိခိုင်၏ စက်ရုံပိုင်းပြုပြင်ပြောင်းလဲတိုးတက်ရေးအတွက် ချဉ်းကပ်သော ကဏ္ဍသစ်တစ်ခုမှာ ကျား မ ဆိုင်ရာ ကွဲပြားချက် အမြင်များကို ပြန်လည်စုစည်းခြင်းဖြစ်သည်။ စက်ချုပ်ခြင်းလုပ်ငန်းကို မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံအရ အမျိုးသမီးများ၏ အလုပ်ဟု မှတ်ယူထားကြသော်လည်း မေပယ်အထည်ချုပ်စက်ရုံတွင် သုံးပုံတစ်ပုံကျော်မှာ အမျိုးသားများ ဖြစ်ပါသည်။ စက်ရုံတွင် အလုပ်ကို ယောကျ်ားတာဂန် ၊ မိန်းမ တာဂန် ဟူ၍ ခွဲခြားမထားပါ။ အလုပ်သမားများအားလုံး မိမိတို့၏ အလုပ်တာဂန်များကို ပြီးမြောက်စေရန်အတွက် အမျိုးသမီးရော အမျိုးသားပါ အတူတကွ လုပ်ဆောင်ကြရမည် ဖြစ်ပါသည်။ ယခုအချိန်တွင် စက်လိုင်းများထဲ၌ အမျိုးသားများ ချုပ်လုပ်နေကြခြင်းသည် သမရိုးကျ မြင်ကွင်းတစ်ခု ဖြစ်နေပြီ ဖြစ်သည်။ မဂင်းအိခိုင်အတွက် အရေးကြီးသည်မှာ ကျားဖြစ်ခြင်း မ ဖြစ်ခြင်း မဟုတ်ပေ။ လူတစ်ယောက်သည် ပေးအပ်ထားသော တာဂန်ကို ကောင်းမွန်စွာထမ်းဆောင်နိုင်ရန်အတွက် လိုအပ်သော ကျွမ်းကျင်မှုများ ၊ သင်တန်းတက်ရောက်ထားမှုများ ရှိနေရန်သာ ဖြစ်သည်။

မဂင်းအိခိုင်သည် မေပယ်အထည်ချုပ်စက်ရုံတွင် စီမံခန့်ခွဲအုပ်ချုပ်ရုံသာမက အခြားသော စီးပွါးရေးလုပ်ငန်းများတွင်လည်း အကြီးတန်းရာထူးတာဂန်များ ယူထားလျှက်ရှိပါသည်။ ကလေးငယ်များကို အင်္ဂလိပ်စာ သင်ကြားပေးနေသော Streamline Training and Learning Centre တွင်လည်းကောင်း၊ ESPRIT ကဲ့သို့သော အဓိက နံမည်ကြီးကုန်အမှတ်တံဆိပ်များကို တင်သွင်း ဖြန့်ချီနေသော စီးပွါးရေးလုပ်ငန်းခွဲတစ်ခုဖြစ်သည့် ဂေစည်သူ ကုန်စည်ဖြန့်ဖြူးရေး ကုမ္ပဏီတွင်လည်းကောင်း တာဂန်ယူလျှက်ရှိပါသည်။

စီးပွါးရေးလုပ်ငန်း များစွာကို စီမံအုပ်ချုပ်ရခြင်း၏ စိတ်ဖိစီးမှုများကို ကောင်းစွာဖြေလျော့နိုင်ရန်အတွက် မဂင်းအိခိုင်က သူမ၏ ကျန်းမာရေးကောင်းမွန်အောင် သေချာစွာဂရုစိုက်ပါသည်။ ရှေ့ဆက်ရမည့်



နေရက်များမှ အသစ်အသစ်သော စိန်ခေါ်မှုများအတွက် သူမ၏စိတ်ကို အမြဲလန်းဆန်းတက်ကြွ ရှင်းလင်းနေစေရန်အတွက် အိပ်ရေးဝဝ အိပ်သည်။ ပုံမှန်အားဖြင့် အပတ်စဉ် အားကစားခန်းမသို့သွား၍ အလေးမခြင်းနှင့် ကျန်းမာရေး အကသင်တန်းများ တက်ရောက်ခြင်းတို့ကိုလည်း ပြုလုပ်လေ့ရှိပါသည်။ ထိုအထဲမှ သူမအနှစ်သက်ဆုံးသော စိတ်ဖိစီးမှု လျှော့ချသည့် နည်းလမ်းမှာ ပန်းချီဆွဲခြင်း ဖြစ်ပါသည်။ " ကျွန်မ အရမ်း စိတ်ပင်ပန်းလာတဲ့အခါမျိုးမှာ ပုံဆွဲလေ့ရှိပါတယ်။ ကျွန်မ ယုံကြည်ထားတာက ကျွန်မခံစားနေရတဲ့ စိတ်ဖိစီးမှုတွေကို စုတ်တံကနေတဆင့် စာရွက်ပေါ် လွှတ်ချပစ်လိုက်တာပေါ့။ အဲဒီလိုဆွဲပြီးတဲ့အခါတိုင်း ကျွန်မရဲ့ ဖိစီးမှုတွေ လျော့သွားတယ်လို့ ခံစားရတယ်။ " မဂင်းအိခိုင်သည် သူမချစ်သော မိသားစုဝင်များ၏ ပံ့ပိုးကူညီမှုကြောင့်လည်း စိတ်ပျော်ရွှင်ရသည်။ မည်မျှပင်အလုပ်များနေစေကာမူ တနင်္ဂနွေနေ့နေ့တိုင်း သူမ၏ မိသားစုဝင်များနှင့်အတူ အချိန်ကို ကောင်းစွာ အသုံးချလေ့ရှိကြောင်း သိရပါသည်။

မဂင်းအိခိုင်နှင့် သူမ၏မိခင်သည် လက်ရှိတွင် မေပယ်အထည်ချုပ်စက်ရုံ၌ ကလေးသူငယ်စောင့်ရှောက်ရေး ဂန်ဆောင်မှုဌာနတစ်ခု ဖွင့်လှစ်လုပ်ဆောင်ရန်အတွက် စီမံကိန်းအသစ်တစ်ခုကို အတူတကွ လုပ်ကိုင်လျက်ရှိပါသည်။ ကလေးရှိသော အလုပ်သမားမိခင်များအတွက် အလုပ်ခွင်သို့ ပြန်ဂင်နိုင်သော လမ်းကြောင်းတစ်ခု ပြုလုပ်ပေးရန်ဖြစ်ပါသည်။ သူတို့က ဤစီမံကိန်းသည် ကျွမ်းကျင် အမျိုးသမီးအလုပ်သမားများ ကိုယ်ဂန်ဆောင်သည်နှင့်တပြိုင်နက် လုပ်ငန်းခွင်မှ ထွက်ခွါသွားသည်ထက် ဆက်လက်အလုပ်လုပ်နိုင်ရန်အတွက် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ကြသည်။ ကျွမ်းကျင်အလုပ်သမားများ ခန့်အပ်ခြင်းနှင့် ထိန်းသိမ်းထားနိုင်ခြင်းသည် အလုပ်သမား အဂင်အထွက်နှုန်းများသော အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် ထိုအစွန်းနှစ်ဖက်ကိုထိန်းသိမ်းရန် အတွက် အလွန်အရေးကြီးပါသည်။ ထိုသို့သော စိတ်ရင်းခံဖြင့်ပင် မဂင်းအိခိုင်သည် သူမ၏စက်ရုံတွင် အသန်စွမ်းသူအမြောက်အမြားကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများ ပေးအပ်ထားပါသည်။ သူမက စက်ရုံတွင် အခြားသောအလုပ်သမားများနည်းတူ မသန်စွမ်းအလုပ်သမားများစွမ်းဆောင်နိုင်သော လုပ်ငန်းတာဂန်များလည်း များစွာရှိကြောင်း ရှင်းပြပါသည်။ အနာဂတ်တွင်လည်း ကျွမ်းကျင် မသန်စွမ်းအလုပ်သမားများကို လုပ်ငန်းခွင်တွင် ပိုမို၍ ခန့်ထားရန် အစီအစဉ်ရှိပါသည်။

အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် အသက်မွေးဂမ်းအကြောင်းအဖြစ် ရွေးချယ်လိုသည့် အမျိုးသမီးများအတွက် မဂင်းအိခိုင်ပြောပြထားသော အဓိက စိန်ခေါ်မှုမှာ ပညာရေး ပင်ဖြစ်ပါသည်။ ဤကဏ္ဍရှိ အလုပ်သမားအများစုသည် ပညာရေးပိုင်းအားနည်းကြသဖြင့် အသက်မွေးဂမ်းကြောင်းပညာရပ်တစ်ခုအဖြစ်ဖြင့် ရပ်တည်ရန်အတွက် တခါတရံတွင် မိမိကိုယ်ကို ယုံကြည်မှု မရှိခြင်း၊ ခေါင်းဆောင်မှုပိုင်းဆိုင်ရာ ကျွမ်းကျင်မှုမရှိခြင်းများ တွေ့ကြုံကြရသည်။

**" စီမံခန့်ခွဲအုပ်ချုပ်ရတဲ့ နေရာတစ်နေရာ ရဖို့အတွက်ဆိုရင် သူတို့တွေအနေနဲ့ တီထွင်ကြံဆနိုင်စွမ်းရှိရပါမယ်။ပြီးတော့ အခြားသော စီမံခန့်ခွဲမှုပိုင်းနဲ့ဆိုင်တဲ့ ကျွမ်းကျင်မှုတွေလည်း ရှိကိုရှိရပါမယ် "**

မြန်မာနိုင်ငံတွင် အမျိုးသမီးများအတွက်  အထည်ချုပ်စက်ရုံ၌အလုပ်လုပ်ခြင်းသည် ကျိုးကြောင်းစီလျော်သော ရွေးချယ်မှုတစ်ခုဖြစ်ကြောင်း ထောက်ပြထားပါသည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာ့ယဉ်ကျေးမှု အရသော်လည်းကောင်း ၊ အမျိုးသမီးများကိုယ်တိုင်က အိမ်မှာရှိစဉ်တွင်ပင် စက်ချုပ်ခြင်းကို ဂါသနာပါထားပြီးသောကြောင့်သော်လည်းကောင်း ဖြစ်ပါသည်။ သူမက အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်လိုသော အမျိုးသမီး စီးပွါးရေးလုပ်ငန်းရှင်များကိုလည်း အမြဲတမ်း လက်ကမ်းကြိုဆိုလျက်ရှိပါသည်။ " ကျွန်မက အမျိုးသမီး အသေးစားစီးပွါးရေးလုပ်ငန်းရှင်တွေကို အမြဲအားပေးပါတယ်။ သူတို့အတွက် ရှေ့ဆောင်လမ်းပြကောင်း တစ်ယောက်ဖြစ်အောင်လည်း အမြဲကြိုးစားတယ်။ ကိုယ်လုပ်မိခဲ့တဲ့ အမှားတွေ သူတို့မလုပ်မိအောင်ပြောပြတယ်။ တွဲခေါ်ပေးတယ်။ "

ဤကိုယ်ရေးရာဇဂင် စာတမ်းကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း ( ILO ) ၏ " မြန်မာ့ အထည်ချုပ်လုပ်ငန်းတွင် စံချိန်စံညွှန်းပြည့်မီကောင်းမွန်သော အလုပ်နှင့် ရေရှည် ဖွံ့ဖြိုးမှုကိုရှေးရှုသော အလုပ်သမားများနှင့် ဆက်ဆံရေးကို တိုးတက်အောင်ပြုလုပ်ခြင်း" ( ILO-GIP) စီမံကိန်းအတွက် Factive Consulting မှ ထုတ်ဂေခြင်း ဖြစ်ပါသည်။ ILO-GIP ၏ရည်ရွယ်ချက်မှာ  အထည်ချုပ်လုပ်ငန်းတွင် အလုပ်သမားများနှင့် ဆက်ဆံရေး၊ လူမှုရေး တွေ့ဆုံဆွေးနွေးမှု၊ နှင့် ကျားမ တန်းတူညီမျှမှု တို့ကို တိုးတက်အောင်ပြုလုပ်လုပ်ခြင်းဖြင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများကို စွမ်းဆောင်ရည် မြှင့်တင်ပေးရန်နှင့်  ဆင်းရဲမွဲတေမှုကို လျှော့ချရန် ဖြစ်သည်။ ယခုစီမံကိန်းကို  Swedish International Development Cooperation Agency (Sida) နှင့် H&M တို့မှ ရန်ပုံငွေထောက်ပံ့ခြင်း ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက https://bit.ly/ilo-gip တွင်ဂင်ရောက်လေ့လာနိုင်ပါသည်။

SWEDEN

H&M

